**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**
**သတင်းလွှာ ၁၇/၂၀၂၃**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်

အကြောင်းအရာ။ **အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sales)လုပ်ငန်း မှတ်ပုံတင်ခြင်း အတွက် မှတ်ပုံတင်ကြေး ကောက်ခံသွားမည့်ကိစ္စ အသိပေးကြေညာခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း(Online Sales)လုပ်ငန်း မှတ်ပုံတင်စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အတွင်း ခွင့်ပြုခဲ့သော မှတ်ပုံတင်များအတွက် သက်တမ်း ၆ လဖြင့် မှတ်ပုံတင်ကြေးကင်းလွတ် ခွင့်ပြုပေးခဲ့ ပါသည်။

၂။ အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်း (Online Sales)လုပ်ငန်း မှတ်ပုံတင်ခြင်းအတွက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ခွင့်ပြုမည့် မှတ်ပုံတင်များအား သက်တမ်း ၂နှစ်အထိ ခွင့်ပြုမည် ဖြစ်ပြီး အောက်ဖော်ပြပါ သတ်မှတ်နှုန်းထားများဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

| **စဉ်** | **အမျိုးအစား** | **မှတ်ပုံတင်ကြေး** | **သက်တမ်း တိုးကြေး** | **ပြင်ဆင် ကြေး** |
|---|---|---|---|---|
| (က) | ကုမ္ပဏီ(သို့)စီးပွားရေးအဖွဲ့ အစည်း | ၇၀,၀၀၀ ကျပ် | ၇၀,၀၀၀ ကျပ် | တချက်လျှင်- ၃၀၀၀ ကျပ် |
| ( ခ ) | SMEလုပ်ငန်းဆိုင်ရာ အသိအမှတ် ပြုထားသည့် အထောက်အထား တစ်ခုခုပါရှိသည့် ကုမ္ပဏီ(သို့)စီးပွားရေးအဖွဲ့ အစည်း | ၅၀,၀၀၀ ကျပ် | ၅၀,၀၀၀ ကျပ် | တချက်လျှင်- ၃၀၀၀ ကျပ် |
| ( ဂ ) | လူပုဂ္ဂိုလ်တစ်ဦးချင်း | ၃၀၀၀၀ ကျပ် | ၃၀၀၀၀ ကျပ် | တချက်လျှင်- ၃၀၀၀ ကျပ် |

**ကုန်သွယ်ရေးဦးစီးဌာန**